အောက်ဖော်ပြပါအချက်အလက်များသည် မော်တော်ယာဉ်အာမခံနှင့် ပတ်သက်၍ သတိပြုရမည့်အချက်အလက်များ ဖြစ်ပါသည်။ ထိုသတိပြုရမည့် အချက်အလက်များကို သေချာစွာလေ့လာ၍ သင်၏ပေါ်လစီစာရင်းချုပ်တွင် ဖော်ပြထားသည့် အကျုံးဝင်သော အာမခံအကာအကွယ်များကို နားလည်သဘောပေါက်စေရန်ရည်ရွယ်ပါသည်။ မေးမြန်းလိုသည်များရှိခဲ့ပါက အာမခံကိုယ်စားလှယ်များ (သို့မဟုတ်) ရောဆွန်ပိုအာမခံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

- အာမခံစာချုပ်၏ပေါ်လစီကိုင်ဆောင်သူနှင့်အာမခံထားသော/ခွင့်ပြုထားသောယာဉ်မောင်းသည်မတူညီပါက ဤသတိပြုရမည့်အချက်အလက်များကို အာမခံထားသူ/ခွင့်ပြုထားသောယာဉ်မောင်းများအားသေချာရှင်းပြထားရန်လိုအပ်ပါသည်။

- အာမခံအဆိုလွှာတွင် လိုအပ်သည့်အတိုင်း အချက်အလက်အားလုံးကို ပြည့်စုံမှန်ကန်စွာဖော်ပြပေးရပါမည်။ အာမခံပေါ်လစီ မစတင်မီတွင် အချက်အလက်အားလုံးကို ပြည့်စုံမှန်ကန်စွာ ထုတ်ဖော်ပြောကြားရန် ပျက်ကွက်ခြင်း (သို့) အချက်အလက်များကို ထိမ်ချန်ခြင်း လွဲမှားစွာ ဖော်ပြထားခြင်း တို့အတွက် ကျွန်ုပ်တို့သည် အာမခံပေါ်လစီကို ရပ်စဲနိုင်ပြီး အာမခံ လျော်ကြေးတောင်းဆိုမှုများကို ရရှိနိုင်မည် မဟုတ်ပါ။

- အာမခံကာလအတွက် ကျသင့်ပရီမီယံကြေးများကို ပေါ်လစီစတင်သည့်နေ့ (သို့) မတိုင်မီတွင် တစ်လုံးတစ်ခဲတည်း ပေးဆောင်ရပါမည်။

- အာမခံသက်တမ်းစတင်ပြီး ဖြစ်သော်လည်း အာမခံစတင်သည့်နေ့နှင့် အာမခံကိုယ်စားလှယ် (သို့) ကျွန်ုပ်တို့မှ ပရီမီယံလက်ခံရရှိသည့်ရက်ကြားတွင် ဖြစ်ပွားသည့် မတော်တဆမှုများအတွက် လျော်ကြေးတောင်းဆိုမှုများသည် အာမခံအကာအကွယ်တွင် အကျုံးဝင်မည်မဟုတ်ပါ။

- အာမခံအကာအကွယ်စတင်ပြီးနောက် တစ်စုံတစ်ရာ အပြောင်းအလဲဖြစ်ပေါ်ပါက အာမခံကိုယ်စားလှယ် (သို့) ကျွန်ုပ်တို့ထံ နှောင့်နှေးမှုမရှိဘဲ ဆက်သွယ်အကြောင်းကြားကာ အာမခံဆက်လက်တည်မြဲနိုင်ရန် လိုအပ်သည့် ပြောင်းလဲချက်များ ပြုလုပ်ရပါမည်။ ထိုသို့ ပြောင်းလဲချက်များပြုလုပ်ရန် ပျက်ကွက်ခဲ့ပါက အာမခံပေါ်လစီကို ရပ်စဲနိုင်ပြီး အာမခံလျော်ကြေးတောင်းဆိုမှုများကို ရရှိနိုင်မည်မဟုတ်ပါ။

- အာမခံပေါ်လစီကို ဖျက်သိမ်းလိုပါက အာမခံကိုယ်စားလှယ် (သို့) ကျွန်ုပ်တို့ထံ ချက်ချင်း ဆက်သွယ်ရပါမည်။ တောင်းဆိုချက်ကိုလက်ခံရရှိသည့်နေ့မှစ၍ အခြေအနေများပေါ်မူတည်ပြီး သက်တမ်းမကုန်သေးသောကာလအတွက် သက်တမ်းတိုနှုန်းဖြင့်တွက်ချက်၍ ပရီမီယံပြန်အမ်းငွေ ရရှိပါမည်။

- မတော်တဆမှုဖြစ်ပွားပါက အာမခံကိုယ်စားလှယ် (သို့) ကျွန်ုပ်တို့ထံ ချက်ချင်းဆက်သွယ်ရပါမည်။ ထို့အပြင် မတော်တဆမှုဖြစ်ပွားသည့်နေရာ၌ မည်သူတစ်ဦးတစ်ယောက်ကိုမဆို နှုတ်ကတိပေးခြင်း မပြုမိရန် သတိပြုရပါမည်။

- လျော်ကြေးတောင်းခံမှုမှတ်တမ်း (သို့) လူမှုစီးပွားရေး အခြေအနေ ပြောင်းလဲခြင်းအပေါ် မူတည်၍ လက်ရှိ အာမခံသက်တမ်း (သို့) သက်တမ်းဆက်ခြင်းဆိုင်ရာ ပေါ်လစီအခြေအနေအား ကျွန်ုပ်တို့မှပြင်ဆင်နိုင်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် ပေါ်လစီစည်းကမ်းချက်များ၊ အပိုအကာအကွယ်များ၊ ပရီမီယံနှုန်းထားများ စသည်တို့ကို ပြန်လည် ပြင်ဆင်ပါက ပြင်ဆင်ခြင်းစတင်သည့် ရက်စွဲနောက်ပိုင်း သက်တမ်းဆက်ပေါ်လစီများတွင် သက်ရောက်မှုရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် သက်တမ်းဆက် ပေါ်လစီ၏ အကျုံးဝင်မှုနှင့် ပရီမီယံကြေးသည် လက်ရှိပေါ်လစီနှင့် ကွာခြားနိုင်ခြင်း (သို့) ပေါ်လစီသက်တမ်းဆက် ငြင်းပယ်ခံရနိုင်ခြင်း ဖြစ်နိုင်ကြောင်း သတိပြုရပါမည်။

- အာမခံအကာအကွယ်တွင် အကျုံးဝင်ခြင်း၊ အကျုံးမဝင်ခြင်းစသော မတော်တဆထိခိုက်မှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။ (အသေးစိတ်အချက်အလက်များအတွက် ပေါ်လစီစည်းကမ်းသတ်မှတ်ချက်များကို ကိုးကားပါ။)

| လျော်ကြေးပေးခြင်း အချက်များ | အကျုံးဝင်သော မတော်တဆမှုများ | အကျုံးမဝင်သော မတော်တဆမှုများ |
| --- | --- | --- |
| မည်သည့် လျော်ကြေးပေးချေမှုနှင့် မှ အကျုံးမဝင်သည့် မတော်တဆမှုများ | | (၁) မြန်မာနိုင်ငံ၏ပြင်ပတွင်အသုံးပြုခြင်း။<br>(၂) တရားဝင်ခွင့်ပြုထားခြင်းမရှိသောယာဉ်မောင်းမှ မောင်းနှင်ခြင်း။<br>(၃) တရားမဝင်သောရည်ရွယ်ချက်ဖြင့်အသုံးပြုခြင်း။<br>(၄) လိမ်လည်မှုနှင့်အဆမတန်လျော်ကြေးတောင်းဆိုခြင်း။<br>(၅) ပြိုင်ပွဲအတွက်အသုံးပြုခြင်း။<br>(၆) သီးခြားချုပ်ဆိုထားသောစာချုပ်စာတမ်းများကြောင့် ပေးလျော်ရန်တာဝန်ရှိမှုများ။<br>(၇) နျူကလီယားနှင့်ဆက်စပ်ခြင်း။<br>(၈) ကြိုတင်ကာကွယ်မှုများပြုလုပ်ရန်ပျက်ကွက်ခြင်း<br>(၉) အကြမ်းဖက်ခြင်း။ |

| | | |
|---|---|---|
| အပိုင်း (က)<br>သင်၏ယာဉ်ဆုံးရှုံးခြင်း (သို့)ပျက်စီးခြင်း | (က) မတော်တဆတိုက်မိခြင်း(သို့) တိမ်းမှောက်ခြင်း။<br>(ခ) စက်ချို့ယွင်းမှုကြောင့်တိုက်မိခြင်း(သို့) တိမ်းမှောက်ခြင်း။<br>(ဂ) ဟောင်းနွမ်းဆွေးမြေ့ခြင်းကြောင့် တိုက်မိခြင်း (သို့) တိမ်းမှောက်ခြင်း။<br>(ဃ) မီးလောင်ခြင်း၊ပြင်ပမှပေါက်ကွဲခြင်း၊ အလိုအလျောက်မီးထလောင်ခြင်း၊ လျှပ်စီးခြင်း၊ မိုးကြိုးထိခြင်း။<br>(င) မသမာဖျက်စီးသော အပြုအမူများ။<br>(စ) အာမခံထားသည့်မော်တော်ယာဉ်ကို (ကားလမ်း၊ရထားလမ်း၊ရေကြောင်းလမ်း၊ ဓာတ်လှေကား၊ရွေ့လျားစက်လှေခါး) တို့ဖြင့် သယ်ဆောင်နေစဉ် ဖြစ်ပေါ်သော မတော်တဆမှုများ။<br>(ဆ) ပြင်ပမှအရာဝတ္ထုပြုတ်ကျလွင့်စင်ခြင်း ကြောင့်ဖြစ်ပေါ်လာသော မတော်တဆမှုများ။ | (၁) ဆက်စပ်အကျိုးဆုံးရှုံးခြင်း။<br>(၂) တန်ဖိုးလျော့ကျခြင်း။<br>(၃) မော်တော်ယာဉ်၏အစိတ်အပိုင်းများ စက်ပိုင်းဆိုင်ရာပျက်စီးခြင်း၊လျှပ်စစ်ပိုင်းဆိုင်ရာ ချို့ယွင်းခြင်း။<br>(၄) တာယာ သီးသန့် ပျက်စီးခြင်း။<br>(၅) ပြစ်မှုဆိုင်ရာဥပဒေအရ လိမ်လည်ခြင်း (သို့)ယုံကြည်မှုချိုးဖောက်ခြင်း။<br>(၆) အသုံးပြုမှု ဆုံးရှုံးခြင်း။<br>(၇) ရှေ့လေကာမှန်သီးသန့်ကွဲအက်ပျက်စီးခြင်း။ *(ထပ်တိုးပရီမီယံ ပေးဆောင်ခြင်းဖြင့် အပိုအကာအကွယ် ရရှိနိုင်သည်)*<br>(၈) အာမခံပေါ်လစီတွင်ဖော်ပြထားသော နှုတ်ဖြတ်ငွေပမာဏ။<br>(၉) သင်(သို့)သင်ခွင့်ပြုထားသောယာဉ်မောင်းကြောင့် ဖြစ်သောရည်ရွယ်ချက်ရှိသောလုပ်ရပ်များ(သို့) ပေါ့ဆခြင်းများ။<br>(၁၀) ဖောက်ထွင်းခြင်း၊ ခိုးယူခံရခြင်း အန္တရာယ်။ *(ထပ်တိုးပရီမီယံ ပေးဆောင်ခြင်းဖြင့် အပိုအကာအကွယ် ရရှိနိုင်သည်)*<br>(၁၁) လိုင်စင်မဲ့ မောင်းနှင်ခြင်း။<br>(၁၂) အရက်၊မူးယစ်ဆေးဝါးနှင့်ဆိုးကျိုးဖြစ်စေသောအရာများ သုံးစွဲ၍ မောင်းနှင်ခြင်း။<br>(၁၃) စစ်ဘေးအန္တရာယ် *(ထပ်တိုးပရီမီယံ ပေးဆောင်ခြင်းဖြင့် အပိုအကာအကွယ် ရရှိနိုင်သည်)*<br>(၁၄) သဘာဝဘေးအန္တရာယ် *(ထပ်တိုးပရီမီယံ ပေးဆောင်ခြင်းဖြင့် အပိုအကာအကွယ် ရရှိနိုင်သည်)*<br>(၁၅) သပိတ်မှောက်မှု၊ အဓိကရုဏ်း နှင့်/(သို့) လူထုအုံကြွခြင်းများ ဆိုင်ရာအန္တရာယ် *(ထပ်တိုးပရီမီယံ ပေးဆောင်ခြင်းဖြင့် အပိုအကာအကွယ် ရရှိနိုင်သည်)* |
| အပိုင်း (ခ)<br>တစ်ပါးသူ ထိခိုက်နစ်နာခြင်း | သင်(သို့)သင်ခွင့်ပြုထားသော ယာဉ်မောင်း၏အောက်ဖော်ပြပါအခြေအနေ တို့နှင့် စပ်လျဉ်း၍ တာဝန်ရှိမှုများ<br><br>(က) ဤပေါ်လစီအရသီးသန့်ဖယ်ထားသော ပုဂ္ဂိုလ်မှအပအခြားမည်သူမဆို သေဆုံးခြင်း (သို့) ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာ ရခြင်း။<br>(ခ) ဤပေါ်လစီအရသီးသန့်ဖယ်ထားသောအရာ များမှအပအခြားမည်သူ၏ ပစ္စည်းကိုမဆို ပျက်စီးစေခြင်း။ | (၁) မြန်မာနိုင်ငံပြင်ပနိုင်ငံတစ်ခုခု၏တရားရုံးတွင် တရားစွဲဆိုထားသောအာမခံ လျော်ကြေးငွေတောင်းခံမှု<br>(၂) မြန်မာနိုင်ငံပြင်ပတွင်ဖြစ်ပေါ်ခဲ့သော (သို့) မြန်မာနိုင်ငံတွင် ပြန်လည်ရယူရန်မဖြစ်နိုင်သော တရားစွဲဆိုမှုစရိတ်<br>(၃) သင်(သို့)သင်ကခွင့်ပြုထားသော ယာဉ်မောင်းနှင့် ထိုသူတို့၏ အိမ်ထောင်စုဝင်များ သေဆုံးခြင်း၊ (သို့) ဒဏ်ရာရခြင်း။<br>(၄) သင်(သို့)သင်ခွင့်ပြုထားသော ယာဉ်မောင်းနှင့် ထိုသူတို့၏အိမ်ထောင်စုဝင်များ၊ ပိုင်ဆိုင်သည့် ပစ္စည်းများ(သို့) ယုံကြည်အပ်နှံ၍ လက်ခံထိန်းသိမ်း ထားသောပစ္စည်းများ ထိခိုက် ပျက်စီးခြင်း။<br>(၅) အပိုင်း (ဂ) ၏ ပေးလျော်မှုပမာဏ ထက် ကျော်လွန်သည့် ပမာဏကိုသာ ဤအပိုင်းမှ ပေးလျော်မည် ဖြစ်သည်။<br>(၆) စစ်ဘေးအန္တရာယ်၊ သပိတ်မှောက်မှု၊ အဓိကရုဏ်း နှင့် (သို့) လူထုအုံကြွခြင်းများဆိုင်ရာအန္တရာယ်။<br>(၇) သဘာဝဘေးအန္တရာယ်။ |
| အပိုင်း (ဂ)<br>ကိုယ်အင်္ဂါထိခိုက်မှု နှင့် ဆေးဝါးကုသမှုစရိတ် | (က) ကိုယ်အင်္ဂါ ထိခိုက်မှု<br>ယာဉ်မောင်းနှင်နေစဉ်(သို့)ယာဉ်ဖြင့် ခရီးသွားစဉ် (သို့) ယာဉ်ပေါ်မှ ဆင်းသက်နေစဉ် (သို့) ယာဉ်ပေါ်သို့ တက်နေစဉ် သင် (သို့) သင်က ခွင့်ပြုထားသော ယာဉ်မောင်း (သို့) သင်၏ ယာဉ်ကို လိုက်ပါစီးနင်သည့် မည်သူမဆို၊ သေဆုံးခြင်း (သို့) ဒဏ်ရာရခြင်းများ<br><br>(ခ) ဆေးဝါးကုသမှုစရိတ်<br>သင်(သို့)သင်ကခွင့်ပြုထားသော ယာဉ်မောင်း (သို့) သင်၏ယာဉ်ကို လိုက်ပါစီးနင်းသည့် မည်သူကိုမဆိုဆေးဝါးကုသရသည့် ကုန်ကျစရိတ် | (၁) မိမိကိုယ်ကိုသတ်သေခြင်း(သို့)သတ်သေရန် ကြိုးပမ်းမှုကြောင့် သေဆုံးခြင်း (သို့) မည်သည့်ထိခိုက် ဒဏ်ရာရခြင်းမဆို။<br>(၂) သင်နှင့် သင်၏ ယာဉ်မောင်းမှ ဥပဒေကို မလိုက်နာခြင်း (သို့) သိလျက်ဖြင့် လစ်လျူရှုပြီး တာဝန်ပေါ့လျော့သည့် လုပ်ရပ်များ ကြောင့်ဖြစ်ပွားခြင်း (သို့) ဖြစ်ပွားအောင်ဖန်တီး ခြင်းကြောင့် တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊သေဆုံးခြင်း (သို့) မည်သည့်ထိခိုက် ဒဏ်ရာရခြင်းများကိုမဆို။<br>(၃) လိုင်စင်မဲ့ ယာဉ်မောင်းနှင်ခြင်း။<br>(၄) အရက်၊မူးယစ်ဆေးဝါးနှင့်သုံးစွဲ၍ မောင်းနှင်ခြင်း။<br>(၅) စစ်ဘေးအန္တရာယ် *(ထပ်တိုးပရီမီယံ ပေးဆောင်ခြင်းဖြင့် အပိုအကာအကွယ် ရရှိနိုင်သည်)*<br>(၆) သဘာဝဘေးအန္တရာယ် *(ထပ်တိုးပရီမီယံ ပေးဆောင်ခြင်းဖြင့် အပိုအကာအကွယ် ရရှိနိုင်သည်)* |

## ● ယာဉ်အာမခံတန်ဖိုးသတ်မှတ်ခြင်း

အာမခံထားသောယာဉ်အတွက် သင့်လျော်သော အာမခံတန်ဖိုးကို သတ်မှတ်ပေးရပါမည်။ အကယ်၍ ယာဉ်မတော်တဆမှု ဖြစ်ပွားချိန်တွင် သတ်မှတ်ထားသော ယာဉ်အာမခံတန်ဖိုးသည် ကာလ ဈေးကွက်ပေါက်ဈေးထက် ကျော်လွန်နေပါက အလုံးစုံဆုံးရှုံးမှုအတွက် ပေးလျော်ခြင်း ဖြစ်စေကာမူ လျော်ကြေးငွေသည် ယာဉ်၏ ကာလ ဈေးကွက်ပေါက်ဈေး ကိုသာ အများဆုံးထား၍ပေးလျော်မည်ဖြစ်ပါသည်။ အကယ်၍ ယာဉ်မတော်တဆမှုဖြစ်ချိန်တွင် အာမခံထားသောယာဉ်တန်ဖိုး သည်ဈေးကွက်ပေါက်ဈေးထက်လျော့နည်းနေပါက လျော့နည်းနေသည့် တန်ဖိုးအပေါ်မူတည်၍ အချိုးကျပေးလျော်မည် ဖြစ်ပါသည်။

(မှတ်ချက်) ယာဉ်မတော်တဆမှု ဖြစ်ပွါးချိန်တွင် သင်၏ယာဉ် ဈေးကွက်ပေါက်ဈေးသည် အစားထိုး ဝယ်ပေးရမည့် အမျိုးအစား၊ မော်ဒယ် နှင့် သက်တမ်းတူ ယာဉ်၏ ဈေးကွက်ပေါက်ဈေး နှင့် တူညီနေရပါမည်။

## ● နုတ်ဖြတ်ငွေ

အပိုင်း (က) တွင်ပါရှိသော လျော်ကြေးငွေတောင်းခံမှုများတွင် နုတ်ဖြတ်ငွေ (မျှဝေကျခံမှု) ကိုကျင့်သုံးပါသည်။ နုတ်ဖြတ်ငွေ ပမာဏမှာ ၁၀၀,၀၀၀ ကျပ်ဖြစ်သော်လည်း အပိုပရီမီယံကြေးပေးဆောင်ခြင်းဖြင့် နုတ်ဖြတ်ငွေပမာဏကို သုညသို့ လျှော့ချနိုင်ပါသည်။ စံနုတ်ဖြတ်ငွေထက် ပိုမိုမြင့်မားသော နုတ်ဖြတ်ငွေပမာဏ (ထပ်ဆောင်း နုတ်ဖြတ်ငွေ)ကို သတ်မှတ်ပေးသွင်းထားခြင်းဖြင့်လည်း ပရီမီယံကြေးကို လျှော့ချနိုင်ပါသည်။

### နုတ်ဖြတ်ငွေတန်ဖိုးနှင့် အပို/လျော့ပေါ့ပရီမီယံဇယား

| အကြောင်းအရာ | နုတ်ဖြတ်ငွေပမာဏ | | ပရီမီယံ (USD) | | ပရီမီယံ(ကျပ်) | |
|---|---|---|---|---|---|---|
| | USD | ကျပ် | ထပ်ဆောင်း | လျော့ပေးငွေ | ထပ်ဆောင်း | လျော့ပေးငွေ |
| နုတ်ဖြတ်ငွေမရှိ | ၀ | ၀ | ၂၅ | - | ၂၅,၀၀၀ | - |
| စံနုတ်ဖြတ်ငွေ | ၁၀၀ | ၁၀၀,၀၀၀ | ၀ | ၀ | ၀ | ၀ |
| ထပ်မံနုတ်ဖြတ်ငွေ | | ၂၀၀,၀၀၀ | ၀ | ၀ | ၀ | ၂၅,၀၀၀ |
| | | ၃၀၀,၀၀၀ | ၀ | ၀ | ၀ | ၃၅,၀၀၀ |
| | | ၅၀၀,၀၀၀ | ၀ | ၀ | ၀ | ၆၀,၀၀၀ |

*အာမခံထားငွေ အနည်းဆုံး ကျပ် (၂၀,၀၀၀,၀၀၀) အထက်ရှိမှသာ ထပ်ဆောင်း နုတ်ဖြတ်ငွေ သတ်မှတ်ခြင်းအား ဆောင်ရွက်နိုင်သည်။

## ● ပိုမိုကောင်းမွန်လာခြင်းအတွက် ခုနှိမ်မှု (Betterment)

အာမခံထားသောယာဉ်၏ ထိခိုက်ပျက်စီးသွားသောအစိတ်အပိုင်းများကို ပြုပြင်ရာတွင် ယာဉ်၏ ပကတိအခြေအနေထက် ပိုမိုကောင်းမွန်စေရန် ဈေးကွက်ထဲတွင်ရရှိနိုင်သည့် အစိတ်အပိုင်းအသစ် (သို့မဟုတ်) အသစ်ကဲ့သို့ သင့်လျော်သော အခြေအနေရှိသည့် ပိုမိုကောင်းမွန်သော အစိတ်အပိုင်းများ အသုံးပြု ပြင်ဆင်ခြင်းအတွက် အကာအကွယ်ပေးခြင်းအတွက် ထိုအစိတ်အပိုင်းအသစ်များ၏ ကုန်ကျစရိတ်များကို အချိုးကျ မျှဝေကျခံပေးဆောင်ရပါမည်။ မျှဝေချခံရမည့် ငွေပမာဏကို အောက်ပါအတိုင်းတွက်ချက်ပါမည်။

| မော်တော်ယာဉ်သက်တမ်း(နှစ်) | ခုနှိမ်မှု ပမာဏနှုန်း | မော်တော်ယာဉ်သက်တမ်း(နှစ်) | ခုနှိမ်မှု ပမာဏနှုန်း |
|---|---|---|---|
| ၃(နှစ်)အောက် | ၅% | ၇ | ၂၅% |
| ၄(နှစ်) | ၁၀% | ၈ | ၃၀% |
| ၅(နှစ်) | ၁၅% | ၉ | ၃၅% |
| ၆(နှစ်) | ၂၀% | ၁၀ နှစ်နှင့်အထက် | ၄၀% |

* ဤမျှဝေကျခံမှုသည်အစိတ်အပိုင်းအသစ်များကိုအစားထိုးပြုပြင်ရာတွင် ကုန်ကျမည့်အလုပ်သမားကုန်ကျစရိတ်များနှင့် မသက်ဆိုင်ပါ။


### ခုနှိမ်သည့် ပမာဏ တွက်ချက်ပုံနမူနာ



| မော်တော်ယာဉ်သက်တမ်း(နှစ်) | ခုနှိမ်မှု ပမာဏနှုန်း | မော်တော်ယာဉ်သက်တမ်း(နှစ်) | ခုနှိမ်မှု ပမာဏနှုန်း |
|---|---|---|---|
| less than 3 | 5% | 7 | 25% |
| 4 | 10% | 8 | 30% |
| 5 | 15% | 9 | 35% |
| 6 | 20% | 10 and above | 40% |

မော်တော်ယာဉ်သက်တမ်း : ၅ နှစ်

Betterment ခုနှိမ်သည့်ပမာဏ = 10 သိန်း × 15% = 1.5 သိန်း



အစိတ်အပိုင်းပစ္စည်းအသစ်လဲလှယ် ၁၀ သိန်း

**● အကျုံးဝင်သော ယာဉ်မောင်း သတ်မှတ်ချက်များ**

အောက်တွင်ဖော်ပြထားသော မောင်းနှင်သူမှလွဲ၍ အခြားတစ်ဦးမောင်းနှင်ချိန်တွင် ဖြစ်သော မတော်တဆမှုများသည် အာမခံအကာအကွယ် အကျုံးမဝင်ပါ။

၁။ ပေါ်လစီပိုင်ရှင်နှင့် သူ/သူမ၏အတူနေထိုင်သော အိမ်ထောင်ဖက်

၂။ အာမခံထားသူနှင့် သူ/သူမ၏အတူနေထိုင်သော အိမ်ထောင်ဖက်

၃။ သင်၏ တရားဝင်ခွင့်ပြုထားသောယာဉ်မောင်း

သင်၏တရားဝင်ခွင့်ပြုထားသောယာဉ်မောင်း၏အမည်ကို ပေါ်လစီတွင်တိကျစွာဖော်ပြထားပေးရန်အထူးသတိပြုရန် လိုအပ်ပါသည်။ အကယ်၍အာမခံ ပေါ်လစီပိုင်ရှင်သည် ကုမ္ပဏီဖြစ်နေပြီး တရားဝင်ခွင့်ပြုထားသောယာဉ်မောင်းများစွာ ရှိနေလျှင် အခြေနေပေါ်မူတည်၍ ထိုကုမ္ပဏီမှ တရားဝင်ခွင့် ပြုထားသော ယာဉ်မောင်းများ၏ အမည်ကို ဖော်ပြပေးရန် လိုအပ်ပါသည်။

**● လျော်ကြေးမတောင်းဆုကြေး**

အကယ်၍ သင်၏ယာဉ်ကို (၁၂) လ သက်တမ်းအတွက် ဆက်လက်အာမခံထားရှိသည့်အပြင် အဆိုပါကာလအတွင်း လျော်ကြေး တောင်းဆိုမှု တစ်စုံတစ်ရာ မရှိခဲ့ပါက သက်တမ်းဆက်အကြိမ်တိုင်းတွင် လျော်ကြေးမတောင်းဆုကြေး ခံစားခွင့်ရှိမည်ဖြစ်ပါသည်။ သင်သည် လျော်ကြေးမတောင်း ဆိုခဲ့သည့်နှစ်များစွာ ဆက်လက်ရှိနေပါက ထို လျော်ကြေး မတောင်းဆုကြေးသည် သက်တမ်းဆက်သည့်အကြိမ်တိုင်း သတ်မှတ်ထားသည့်နှုန်းထား အတိုင်း တိုးလာမည် ဖြစ်ပါသည်။

| အာမခံကာလ | ကိုယ်ပိုင်ကား | လုပ်ငန်းသုံးကား |
|---|---|---|
| ရှေ့နှစ် | ၂၅% | ၁၅% |
| ရှေ့နှစ်နှစ်ဆက်တိုက် | ၃၀% | ၂၀% |
| ရှေ့သုံးနှစ် သို့မဟုတ် ထို့ထက် ဆက်တိုက် | ၄၀% | ၂၅% |

**❶ လျော်ကြေးတစ်ခုဖြစ်သည်နှင့် လျော်ကြေးမတောင်းဆုကြေး လုံးဝမရရှိနိုင်သည့်ဖြစ်ရပ်။**

သင်သည် ဤအာမခံပေါ်လစီအပေါ် လျော်ကြေးတောင်းခံမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက သင်စုဆောင်းထားသော လျော်ကြေးမတောင်းဆုကြေး ရပိုင်ခွင့်သည် နောက်တစ်ကြိမ်သက်တမ်းဆက်ချိန်တွင် သုညသို့ကျဆင်းသွားမည်ဖြစ်ပြီး သင်၏ လျော်ကြေးမတောင်းဆုကြေး သည် နောက်နှစ်သက် တမ်းဆက်သည့်အချိန်တွင် ပြန်လည်စတင်မည်ဖြစ်သည်။ အကယ်၍ လျော်ကြေးမတောင်းဆုကြေး ခံစားခွင့်ရရှိပြီးနောက်မှ လျော်ကြေးတောင်းခံမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက သင်ထံမှ လျော်ကြေးမတောင်းဆုကြေး ကို ပြန်လည်ရယူခွင့်ရှိသည်။

**❷ လျော်ကြေးမတောင်းဆုကြေးကို လွှဲပြောင်း၍မရခြင်း။**

လျော်ကြေးမတောင်းဆုကြေးသည် ပေါ်လစီပိုင်ရှင်တစ်ဦးတည်းကိုသာ ခံစားခွင့်ပြုထားသည့်အတွက် အာမခံထားသည့် ယာဉ်ကိုပိုင်ရှင်အသစ် ထံရောင်းချလိုက်ပါက လျော်ကြေးမတောင်းဆုကြေးခံစားခွင့်သည် ပိုင်ရှင်အသစ်ထံ လွှဲပြောင်း၍ မရနိုင်ပါ။

**❸ လျော်ကြေးမတောင်းဆုကြေး သီးခြား သတ်မှတ်ခြင်း။**

ပေါ်လစီတစ်စောင်တွင် တစ်စီးထက်ပိုသော ယာဉ်များကို အကာအကွယ်ပေးထားပါက လျော်ကြေးမတောင်းဆုကြေးကို ယာဉ်တစ်စီးစီးအတွက်သာ သတ်မှတ်သည်။

**● ပရီမီယံ အပိုဆောင်း အခကြေးငွေ**

သင့် (သို့) သင့်ခွင့်ပြုထားသောယာဉ်မောင်းများ၏ ဆိုးရွားမှုမှတ်တမ်း၊ လျော်ကြေးတောင်းဆိုမှုမှတ်တမ်းနှင့် ကျွန်ုပ်တို့၏ အန္တရာယ်အကဲဖြတ်စိစစ် ရေးပြဌာန်းချက်များပေါ်မူတည်၍ ပရီမီယံအပိုဆောင်းအခကြေးငွေ ကောက်ခံပါမည်။

☐ အထက်ဖော်ပြပါ အကြောင်းအရာများကို သိရှိနားလည်ပြီးဖြစ်၍ အာမခံကုမ္ပဏီနှင့် အာမခံထားသူကြားတွင် ချုပ်ဆို ထားသော ပဋိညာဥ်တွင် အခြေခံ၍ ထည့်သွင်းချုပ်ဆိုရန် သဘောတူပါသည်။

အာမခံထားသူ
Insured

လက်မှတ်
Signature ______

အမည်
Name ______

မှတ်ပုံတင်အမှတ်
NRC No. ______

ဖုန်းနံပါတ်
Phone No. ______

နေ့စွဲ
Date ______